## ABOUT US

Dai-ichi Life Insurance Myanmar Ltd. သည် ၁၉၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ယခုအခါ သက်တမ်း (၁၂၂) နှစ်ကျော်ပြီဖြစ်သည့် ဂျပန်နိုင်ငံ၏ ထိပ်တန်းအသက်အာမခံကုမ္ပဏီ Dai-ichi Life Group မှ မြန်မာနိုင်ငံတွင် အသက်အာမခံဝန်ဆောင်မှုများကို ပေးရန် ဖွင့်လှစ်ပေးထားသော ကုမ္ပဏီခွဲတစ်ခု ဖြစ်ပါသည်။

Dai-ichi Life Group သည် ဂျပန်နိုင်ငံတွင် အသက်အာမခံဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ (၃) ခု ရှိကာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၀) နိုင်ငံတွင် Customer များနှင့် ၎င်းတို့၏မိသားစုဝင်များကို အနာဂတ်အတွက် အာမခံချက်ရှိသည့် ငွေကြေးအကာအကွယ်များ ရယူနိုင်ရန်အတွက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**၂၀၂၂**
နယူးဇီလန်နိုင်ငံ Partners Group Holdings Limited သည် Dai-ichi Life Group ၏ လက်အောက်ရှိကုမ္ပဏီ ဖြစ်လာသည်။

**၂၀၁၉**
မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကို ရရှိသည်။

**၂၀၁၉**
Dai-ichi Life Cambodia ကို စတင် ဖွင့်လှစ်သည်။

**၂၀၁၅**
အမေရိကန်နိုင်ငံ Protective Life Corporation သည် Dai-ichi Life Group ၏ လက်အောက်ရှိ ကုမ္ပဏီ ဖြစ်လာသည်။

**၂၀၁၃**
အင်ဒိုနီးရှားနိုင်ငံ Panin Life (ယခု Panin Dai-ichi Insurance) ၏ ရှယ်ယာများကိုဝယ်ယူခဲ့သည်။



**၂၀၁၀**
Dai-ichi Life Group သည် Tokyo Stock Exchange တွင် စတင် စာရင်းဝင်ခဲ့သည်

**၂၀၀၈**
ထိုင်းနိုင်ငံ OCEAN LIFE ၏ ရှယ်ယာများကို ဝယ်ယူခဲ့သည်။

**၂၀၀၈**
ဩစတြေးလျနိုင်ငံ Tower Australia Group Limited (ယခု TAL) ၏ ရှယ်ယာများကိုဝယ်ယူခဲ့သည်။

**၂၀၀၇**
Dai-ichi Life Vietnam သည် Dai-ichi Life Group ၏ လက်အောက်ရှိ ကုမ္ပဏီဖြစ်လာသည်။

**၂၀၀၇**
Star Union Dai-ichi Life ကုမ္ပဏီကို အိန္ဒိယနိုင်ငံတွင် ထူထောင်သည်။



**၁၉၇၅**
Dai-ichi Life Group ၏ ပထမဆုံး ပြည်ပရုံးခွဲကို အမေရိကန်နိုင်ငံ၌ ဖွင့်လှစ်ခဲ့သည်။



**၁၉၃၂**
Dai-ichi Life Group သည် ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး Life Insurance ကုမ္ပဏီ ဖြစ်လာသည်။



**၁၉၀၂**
ဂျပန်နိုင်ငံ၏ ပထမဆုံးသော Mutual Life Insurance Company ဖြစ်တဲ့ Dai ichi Mutual Life Insurance Company ကို Mr. Tsuneta Yano မှ စတင်တည်ထောင်ခဲ့သည်။

Dai-ichi Life
ထာဝရသင်နှင့်အတူ


အထပ် (၂၀)၊ Sule Square Office Tower၊ အမှတ် (၂၂၁)၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
အီးမေးလ် - info@daiichilife.com.mm
အသေးစိတ်စုံစမ်းရန် ၀၉ ၇၇၈၈၀ ၇၀၀၀


Dai-ichi Life
ထာဝရသင်နှင့်အတူ

# Dai-ichi LifeCARE

## Universal Life

ပိုမိုသာယာ ဘဝတစ်သက်တာ



ကိုယ့်ကိုယ်ကိုယ်
ကျေးဇူးတင်လိုက်ပါ

# Dai-ichi LifeCARE ကို

## ဘာကြောင့်ဝယ်ယူသင့်သလဲ



Dai-ichi LifeCARE အသက်အာမခံ ၏ ပြီးပြည့်စုံသောအကာအကွယ် ရရှိခြင်းဖြင့် သင်နှင့် သင်ချစ်ခင်ရသူများ ဘဝတစ်သက်တာလုံး စိတ်အေးချမ်းသာမှုကို ရရှိစေမည့်အပြင် ငွေကြေးတိုးပွားမှု အာမခံချက်ရှိခြင်းကြောင့် ပိုမိုစိတ်ချလုံခြုံပြီး သာယာသောအနာဂတ်တစ်ခုကို ဖန်တီးနိုင်ပါသည်။

## အာမခံ၏ အဓိကအချက်များ

| | |
|---|---|
| အသက်အာမခံထားသူ၏ အသက်အပိုင်းအခြား | ရက် ၃၀ မှ ၆၅ နှစ် အထိ |
| ပေါ်လစီသက်တမ်း | ၁၀ – ၅၀ နှစ် |
| ပရီမီယံသက်တမ်း | ၁၀ – ၅၀ နှစ်<br>ပေါ်လစီငွေကြေးတန်ဖိုး (Policy Account Value) ပရီမီယံ မဖြစ်မနေပေးသွင်းရမည့်ကာလ – ပထမဦးဆုံး ၄ နှစ် |
| အာမခံထားငွေ | အခြေခံပေါ်လစီအာမခံထားငွေ = နှစ်စဉ် Target Premium x အာမခံထားငွေဆတိုးကိန်း<br>ထပ်တိုးအကျိုးခံစားခွင့်ပေါ်လစီ(များ)။ အနည်းဆုံး ကျပ် သိန်း ၅၀ မှစ၍ |

## ရွေးချယ်နိုင်သောအာမခံထားငွေ ဆတိုးကိန်းများ

| အသက်အာမခံထားသူ နောင်ပြည့်မည့်အသက် | အနည်းဆုံး ဆတိုးကိန်း | အများဆုံး ဆတိုးကိန်း | ပုံသေ ဆတိုးကိန်း |
|---|---|---|---|
| ၀-၁၉ | ၆၀ | ၁၅၀ | ၇၅ |
| ၂၀-၂၉ | ၅၅ | ၁၄၀ | ၇၀-၇၅ |
| ၃၀-၃၄ | ၄၅ | ၁၂၀ | ၆၀ |
| ၃၅-၃၉ | ၃၅ | ၁၀၀ | ၅၀ |
| ၄၀-၄၄ | ၂၅ | ၇၀ | ၃၅ |
| ၄၅-၄၉ | ၂၀ | ၅၀ | ၂၅ |
| ၅၀-၅၄ | ၁၅ | ၄၀ | ၂၀ |
| ၅၅ နှင့် အထက် | ၅-၇.၅ | ၁၀-၂၀ | ၇.၅-၁၀ |

# Dai-ichi LifeCARE မှ

## ခံစားခွင့်များ

### ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ် ပြန်လည်ရရှိနိုင်ပြီး ပေါ်လစီရန်ပုံငွေအား အလွယ်တကူ စီမံနိုင်ခြင်း

ရင်းနှီးမြှုပ်နှံမှု စွမ်းဆောင်ရည်အပေါ် မူတည်၍ ပြန်လည်ရရှိနိုင်မည့် အတိုးနှုန်း သို့မဟုတ် ပေါ်လစီမှ အာမခံပေးသော အတိုးနှုန်း နှစ်ခုအနက်မှ ပိုမြင့်သောနှုန်းဖြင့် ပေါ်လစီငွေကြေးတန်ဖိုး Policy Account Value (PAV) အပေါ်တွင် အတိုးရရှိပါမည်။ ထို PAV ပမာဏ တိုးပွားလာသည့်အခါ အာမခံဝယ်ယူသူသည် PAV မှ ပမာဏအချို့ကို ထုတ်ယူခြင်း သို့မဟုတ် ပေါ်လစီချေးငွေ ထုတ်ယူခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

### မိမိစိတ်ကြိုက် အကာအကွယ်ကို ရွေးချယ်ဝယ်ယူနိုင်ခြင်း

Dai-ichi LifeCARE အခြေခံပေါ်လစီတွင် အခြား အကာအကွယ်အမျိုးမျိုးကို ထပ်တိုးရရှိနိုင်ပါသည်။ ထပ်တိုးရရှိနိုင်သော အကာအကွယ်အမျိုးမျိုးမှာ မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု/ ထာဝစဉ်မသန်စွမ်းဖြစ်မှု၊ ပြင်းထန်သောရောဂါဖြစ်မှု၊ ဆေးရုံတက်ရောက်မှုတို့အတွက် ထပ်တိုး အကျိုးခံစားခွင့်များ ဖြစ်ပါသည်။ အာမခံဝယ်ယူသူသည် မိမိလိုအပ်သော အာမခံထားငွေနှင့် ပေါ်လစီသက်တမ်းတို့ကိုလည်း ကြိုက်နှစ်သက်ရာ ရွေးချယ် ဝယ်ယူနိုင်ပါသည်။

### အလွယ်တကူ အပြောင်းအလဲ ပြုလုပ်နိုင်ခြင်း

မိမိရဲ့ငွေကြေးလိုအပ်မှု၊ စုဆောင်းမှုတို့အပေါ်မူတည်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော အသက်အာမခံ အကာအကွယ်နှင့် အလားအလာကောင်းသော ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ် ရရှိလိုသူများအတွက် ဘဝတစ်သက်တာလုံးအကာအကွယ်ရရှိထားမည့် အာမခံဖြစ်ပါသည်။ အာမခံဝယ်ယူသူမှ မိမိပေးသွင်းရန် အဆင်ပြေသော ပရီမီယံနှင့် ရရှိလိုသော အကျိုးခံစားခွင့်များကို ချိန်ညှိနိုင်ပါသည်။

# Dai-ichi LifeCARE ၏ ရေရှည်ကာကွယ်မှုနှင့်အတူ စုဆောင်းငွေများတိုးပွားလာနိုင်ခြင်း




# အာမခံဆိုင်ရာ စကားလုံး အဓိပ္ပာယ်များ

## ပရီမီယံများ (Premium)

ပရီမီယံတွင် Target Premium နှင့် Excess Premium ဟူ၍ နှစ်မျိုးရှိသည်-

Target Premium - အသက်အာမခံထားသူ၏ အသက်၊ ကျား/မနှင့် အာမခံထားငွေအပေါ် မူတည်၍ အာမခံဝယ်ယူသူမှ ပေးသွင်းရမည့် အကာအကွယ်ပေး ပရီမီယံ

Excess Premium - Target Premium ထက် ကျော်လွန်၍ အာမခံဝယ်ယူသူမှ ပေးသွင်းနိုင်သော ငွေစု ပရီမီယံ။ Excess Premium ကို ပုံမှန်ပေးသွင်းနိုင်သကဲ့သို့ အလျဉ်းသင့်သလိုလည်း ပေးသွင်းနိုင်ပါသည်။

## ခွဲဝေလိုက်သော ပရီမီယံ (Allocated Premium)

Allocation Charge ကို နုတ်ယူပြီးနောက် အတိုးရရှိရန်နှင့် Policy Account Value တိုးပွားလာစေရန် ထည့်သွင်းသော ပရီမီယံ အချိုးအစား။

## ပေါ်လစီငွေကြေးတန်ဖိုး (Policy Account Value)

အခကြေးငွေများနှင့် အသုံးစရိတ်များကို နုတ်ယူပြီးနောက် အတိုးနှင့်တကွ ထည့်သွင်းလိုက်သော ပရီမီယံများမှ တိုးပွားလာသော ပမာဏ။

## အာမခံအကာအကွယ်အတွက် ပေးချေရမည့် အခကြေးငွေ (Cost of Insurance)

အာမခံအကာအကွယ်ပေးရန် Policy Account Value ထဲမှ လစဉ် နုတ်ယူသော အခကြေးငွေ။

## ပေါ်လစီ စီမံခန့်ခွဲမှုအတွက် ကုန်ကျစရိတ် (Admin Fee)

ပေါ်လစီအား စီမံခန့်ခွဲရန် Policy Account Value ထဲမှ လစဉ် နုတ်ယူသော အခကြေးငွေ။

## ပရီမီယံပုံမှန်ပေးသွင်းမှုအတွက် ရရှိသောဆုငွေ (Loyalty Bonus)

ပရီမီယံများ အချိန်မှီ ပုံမှန်ပေးသွင်းမှုကြောင့် Policy Account Value ထဲသို့ အပိုထပ်ပေါင်းပေးသွင်းသော ပမာဏ။

## ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိသောအကျိုးအမြတ် (Crediting Interest)

Dai-ichi Life က ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိသော အကျိုးအမြတ်များကို Policy Account Value ထဲသို့ ထည့်သွင်းပေးမည် ဖြစ်သည်။ Crediting interest rate သည် Dai-ichi Life မှ အာမခံပေးသော နှုန်းထက် မလျော့နည်းဘဲ ရရှိပါမည်။

## ပြန်အမ်းငွေထုတ်ယူခြင်း (Surrender Value & Partial Withdrawal Charge)

ပေါ်လစီတစ်ခုလုံးမှ ပြန်အမ်းငွေ ထုတ်ယူလျှင် (သို့) ပမာဏအချို့အား ထုတ်ယူလျှင် နုတ်ယူမည့် အခကြေးငွေ။

## ပေါ်လစီချေးငွေ (Policy Loan)

အာမခံဝယ်ယူသူသည် Policy Account Value မှ ပေါ်လစီချေးငွေအဖြစ်တောင်းဆိုနိုင်သည်။

# ပြီးပြည့်စုံသောအကာအကွယ်နှင့် အလွယ်တကူပြောင်းလဲနိုင်ခြင်းဖြင့် ပိုမိုသာယာသော ဘဝတစ်သက်တာကို ရရှိခြင်း





## အခြေခံ အာမခံပေါ်လစီ

**Option 1:** **Level** Death/ Total Permanent Disability Benefit
(အာမခံထားငွေ (သို့) Policy Account Value နှစ်ခုအနက် ပိုများသော ပမာဏကို ပေးမည်)

**Option 2:** **Increasing** Death/ Total Permanent Disability Benefit
(အာမခံထားငွေနှင့် Policy Account Value နှစ်ခုပေါင်း ပမာဏကို ပေးမည်)



## ထပ်တိုးအကျိုးခံစားခွင့် အာမခံပေါ်လစီများ

### (၁) မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု/ ထာဝစဉ် မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်

မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု/ ထာဝစဉ် မသန်စွမ်းဖြစ်မှုအတွက် အာမခံထားငွေ၏ ၁၀၀% ကို အပိုထပ်ဆောင်း ပေးအပ်ပါမည်။



### (၂) ပြင်းထန်သောရောဂါဖြစ်မှု အကျိုးခံစားခွင့်

(၁) ကနဦးအဆင့်ရှိ ပြင်းထန်သောရောဂါအတွက် အာမခံထားငွေ၏ ၂၅% ကို ပေးအပ်ပါမည်။
(၂) နောင်းပိုင်းအဆင့်ရှိ ပြင်းထန်သောရောဂါအတွက် အာမခံထားငွေ၏ ၁၀၀% ကို ပေးအပ်ပါမည်။

| ကနဦးအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အခြေအနေများ |
|---|
| ၁။ မူလနေရာမှ အခြားသို့မပြန့်ဘဲ ရှိနေသေးသည့် ကင်ဆာ |
| ၂။ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ၏ ကနဦးအဆင့်ကင်ဆာ |
| ၃။ နှလုံးသွေးကြောချဲ့ ကုသခြင်း |
| ၄။ အဆုတ်အား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း |
| ၅။ အသည်းတစ်စိတ်တစ်ပိုင်းအား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း |
| ၆။ ကျောက်ကပ်တစ်ဖက်အား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း |
| ၇။ ဦးနှောက်သွေးကြောဖောင်းခြင်းအတွက် ခွဲစိတ်ကုသခြင်း |
| ၈။ ဦးနှောက်အတွင်း သွေးကြောလမ်းလွဲကုသခြင်း |

| နောင်းပိုင်းအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အခြေအနေများ |
|---|
| ၁။ ပြင်းထန်သော ကင်ဆာ |
| ၂။ အတိုင်းအတာတစ်ခုထိ ပြင်းထန်သော ရုတ်တရက်နှလုံးရောဂါ |
| ၃။ လေဖြတ်ခြင်းနှင့်အတူ ထာဝရ အာရုံကြော ချို့တဲ့မှု |
| ၄။ နှလုံးသွေးကြောလမ်းလွှဲ ခွဲစိတ်ကုသမှု |
| ၅။ ဦးနှောက် ခွဲစိတ်ကုသခြင်း |
| ၆။ နောင်းပိုင်းအဆင့်ရှိ အဆုတ်ပျက်စီးမှု |
| ၇။ နောင်းပိုင်းအဆင့်ရှိ အသည်းပျက်စီးမှု |
| ၈။ နောင်းပိုင်းအဆင့်ရှိ ကျောက်ကပ်ပျက်စီးမှု |

ကနဦးအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အခြေအနေများအတွက် ရက်ပေါင်း (၁၂၀) နှင့် နောင်းပိုင်းအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အခြေအနေများအတွက် ရက်ပေါင်း (၉၀) ကို စောင့်ဆိုင်းကာလအဖြစ် သတ်မှတ်ပါသည်။



### (၃) ဆေးရုံတက်ရောက်မှု အကျိုးခံစားခွင့်

အာမခံထားသူအတွက် နေ့စဉ်ဆေးရုံတက် အကျိုးခံစားခွင့် ၁ ယူနစ်မှ ယူနစ် ၂၀ အထိ ဝယ်ယူနိုင်ပါသည်။
(၁) ပုံမှန် ဆေးရုံတက်ခြင်း တစ်ယူနစ် အတွက် တစ်ရက်လျှင် ၂၀,၀၀၀ ကျပ်အထိ
(၂) (ICU) တွင် ဆေးရုံတက်ခြင်း တစ်ယူနစ် အတွက် တစ်ရက်လျှင် ၄၀,၀၀၀ ကျပ် အထိ

*စည်းကမ်းသတ်မှတ်ချက်များ ရှိပါသည်။

# ငွေကြေးတိုးပွားလာစေမှု နှင့် အာမခံပေါ်လစီအကျိုးခံစားခွင့်များ

## Loyalty Bonus

| ပေါ်လစီ နှစ်ပတ်လည် | Loyalty Bonus |
|---|---|
| ၅ နှစ်မြောက် | ပေါ်လစီ ၁ လ မှ ၆၀ လ အထိ အခြေခံပေါ်လစီ၏ ပျမ်းမျှ နှစ်စဉ် Target Premium ၏ ၈၀% အထိ |
| ၁၀ နှစ်မြောက် | ပေါ်လစီ ၆၁ လ မှ ၁၂၀ လ အထိ အခြေခံပေါ်လစီ၏ ပျမ်းမျှ နှစ်စဉ် Target Premium ၏ ၁၀၀% အထိ |
| ၁၅ နှစ်မြောက် | ပေါ်လစီ ၁၂၁ လ မှ ၁၈၀ လ အထိ အခြေခံပေါ်လစီ၏ ပျမ်းမျှ နှစ်စဉ် Target Premium ၏ ၁၀၀% အထိ |
| နှစ် ၂၀ မြောက် | ပေါ်လစီ ၁၈၁ လ မှ ၂၄၀ လ အထိ အခြေခံပေါ်လစီ၏ ပျမ်းမျှ နှစ်စဉ် Target Premium ၏ ၁၀၀% အထိ |

## ကျန်းမာရေး ဆေးစစ်မှု အပိုဆု

ကျန်းမာရေး ဆေးစစ်မှု အစီရင်ခံစာ တင်ပြပေးပို့နိုင်မှုအပေါ် မူတည်၍ အခြေခံပေါ်လစီ၏ အာမခံထားငွေကို ၂၀% အထိ ထပ်တိုးပေးမည် ဖြစ်သည်။

| ပေါ်လစီ နှစ်ပတ်လည် | အခြေခံပေါ်လစီ၏ မူလ အာမခံထားငွေ တိုးမည့် ရာခိုင်နှုန်း |
|---|---|
| ၃ နှစ်မြောက် | ၅% |
| ၆ နှစ်မြောက် | ၅% |
| ၉ နှစ်မြောက် | ၅% |
| ၁၂ နှစ်မြောက် | ၅% |

## ဆေးလိပ်မသောက်သူများအတွက် အပိုဆု

ဆေးလိပ်မသောက်သောသူများအတွက် အခြေခံပေါ်လစီ၏ အာမခံထားငွေကို ၁၀% အပိုထပ်ဆောင်း၍ ပေးအပ်မည် ဖြစ်သည်။

## အနည်းဆုံးထည့်သွင်းပေးမည့် အတိုး (နေ့စဉ်တွက်ချက်သော တိုးရင်းပေါင်း အတိုး)

| ပေါ်လစီနှစ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇+ |
|---|---|---|---|---|---|---|---|
| နှစ်စဉ် အာမခံပေးသော ထည့်သွင်းပေးမည့် အတိုး | ၄.၀% | ၃.၅% | ၃.၀% | ၂.၅% | ၂.၀% | ၁.၅% | ၁.၀% |

## နှစ်စေ့အကျိုးခံစားခွင့်

အာမခံပေါ်လစီ သက်တမ်းစေ့သည့်အခါ အသက်အာမခံထားသူ သက်ရှိထင်ရှားရှိသေးပါက ထိုအချိန်ရှိ Policy Account Value ကို ပေးအပ်ပါမည်။

## ပြန်အမ်းငွေ အကျိုးခံစားခွင့်

အာမခံဝယ်ယူသူသည် ပေါ်လစီပြန်အမ်းငွေကို တောင်းဆိုခွင့်ရှိပြီး Surrender Charge ကို နှုတ်ယူပြီးနောက် Policy Account Value ထဲတွင်ကျန်ရှိသောပမာဏ ကို ရယူနိုင်ပါသည်။အာမခံပေါ်လစီကို စောစီးစွာရပ်စဲပါက ကုန်ကျစရိတ်မြင့်မားပြီး ပြန်အမ်းငွေပမာဏသည်လည်း စုစုပေါင်း ပေးသွင်းထားသော ပရီမီယံပမာဏအောက် လျော့နည်းပါသည်။

## ပေါ်လစီ ချေးငွေ

ပေါ်လစီနှစ် ၅ နှစ်မြောက်မှ စတင်၍ အာမခံဝယ်ယူသူသည် Policy Account Value မှ ပမာဏအချို့ကို ပေါ်လစီချေးငွေအဖြစ် ချေးယူနိုင်ပါသည်။

## ပမာဏအချို့ ထုတ်ယူခြင်း

ပေါ်လစီနှစ် ၅ နှစ်မြောက်မှ စတင်၍ အာမခံဝယ်ယူသူသည် Policy Account Value မှ ပမာဏအချို့ကို ထုတ်ယူသုံးစွဲခွင့် ရှိသည်။



*စည်းကမ်းသတ်မှတ်ချက်များ ရှိပါသည်။

# နမူနာဖြစ်စဉ်

ဥပမာ။ ။ အသက် (၃၅) နှစ်အရွယ်ရှိ ဦးအေး သည် အာမခံထားငွေ ကျပ်သိန်း ၆၀၀ ဖြင့် နှစ် (၅၀) သက်တမ်းရှိ Dai-ichi LifeCARE ၏ Increasing Benefit Option ကို ဝယ်ယူပါသည်။ သူသည် နှစ် (၃၀) သက်တမ်းရှိပြီး မတော်တဆကြောင့် သေဆုံးမှု/ ထာဝစဉ်မသန်စွမ်းဖြစ်မှု၊ နှင့် ပြင်းထန်သောရောဂါဖြစ်မှုတို့ကို ကာကွယ်ရန် အာမခံထားငွေ ကျပ်သိန်း ၂၀၀ စီ၊ နှင့် ဆေးရုံတက်ရောက်မှုအတွက် (၁၀) ယူနစ်တို့ကို ထပ်တွဲ ဝယ်ယူပါသည်။ သူသည် နှစ်စဉ် အခြေခံပေါ်လစီအတွက် ပရီမီယံ ၁၂ သိန်း၊ ထပ်တိုးအကျိုးခံစားခွင့်ပေါ်လစီများအတွက် ပရီမီယံ ၆ သိန်း ၂သောင်း ကိုပေးသွင်းထားပါသည်။



ရင်းနှီးမြုပ်နှံမှု

- ၀
- ၅နှစ် – ၈၆၀,၀၀၀ ကျပ် – Loyalty Bonus
- ၁၀ နှစ် – ၁,၂၀၀,၀၀၀ ကျပ် – Loyalty Bonus
- ၁၅ နှစ် – ၁,၂၀၀,၀၀၀ ကျပ် – Loyalty Bonus
- ၂၀ နှစ် – ၁,၂၀၀,၀၀၀ ကျပ် – Loyalty Bonus
- ၃၆ နှစ်
  - အသက် ၇၀ပြည့်ပြီးသည့် နောက်တွင် Increasing Benefit မှ Level Benefit အဖြစ် ပြောင်းလဲသွားသည်။
- ၅၀ နှစ်
  - Loyalty Bonus
  - ရင်းနှီးမြုပ်နှံမှုမှ ပြန်လည်ရရှိသော အတိုး
  - နှစ်စေ့အကျိုးခံစားခွင့်
  (Policy Account Value နှင့် ညီမျှသည်)

အကာအကွယ်ပေးမှု

- ၀
- ၅နှစ် – ၈၆၀,၀၀၀ ကျပ် – Loyalty Bonus
- ၁၀ နှစ် – ၁,၂၀၀,၀၀၀ ကျပ် – Loyalty Bonus
- ၁၅ နှစ် – ၁,၂၀၀,၀၀၀ ကျပ် – Loyalty Bonus
- ၂၀ နှစ် – Loyalty Bonus
- ၃၆ နှစ် အထိ
  - မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု/ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင် အပိုထပ်ဆောင်း အာမခံထားငွေ၏ ၁၀၀% +
  - LifeCARE အခြေခံပေါ်လစီ အာမခံထားငွေ၏ ၁၀၀% + Policy Account Value တို့ကို ပေးအပ်ပါမည်။
- ၃၆ နှစ် – Increasing Benefit အဖြစ် မှ Level Benefit အဖြစ်ပြောင်းလဲသွားသည်။
- ၃၆ နှစ် မှ ၅၀ နှစ် အထိ
  - မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု/ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင် အပိုထပ်ဆောင်း အာမခံထားငွေ၏ ၁၀၀% +
  - LifeCARE အခြေခံပေါ်လစီ အာမခံထားငွေ၏ ၁၀၀% (သို့) Policy Account Value ကို ပေးအပ်ပါမည်။
- ၅၀ နှစ်

**အသက်အာမခံထားသူသည် အသက် ၇၀ပြည့်ပြီးသည့် နောက်တွင် Increasing Benefit မှ Level Benefit အဖြစ် ပြောင်းလဲသွားမည်ဖြစ်ပါသည်။**

**Loyalty Bonus ပမာဏများကို ပေးရန်ရှိသော အခြေခံပေါ်လစီအတွက် ပျမ်းမျှ နှစ်စဉ် Target Premium ကို ပေးသွင်းပြီး ဖြစ်သည်ဟု ယူဆပြီး တွက်ချက်ပါသည်။**